National Community Driven Development Project (Hpruso Township,Project Cycle.1/Year 3)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဖရူဆိုမြို့

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

## တော်ခူကျေးရွာအုပ်စု၊ တော်ခူရွာသစ်ကျေးရွာ


၂၀၁၈ ခုနှစ် ဖရူဆိုမြို့နယ်

# မာတိကာ




| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဖရူဆိုမြို့နယ် အခြေပြမြေပုံ | ၁ | ၁ |
| ၂။ | တော်ခူကျေးရွာအုပ်စု အခြေပြမြေပုံ | ၂ | ၂ |
| ၃။ | တော်ခူအုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၃ | ၃ |
| ၄။ | ကျေးရွာအခြေခံ အချက်အလက်များ | ၃ | ၃ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၄ | ၄ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ | ၅ | ၁၈ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်း ဓာတ်ပုံများ | ၁၉ | ၂၀ |
| ၈။ | တော်ခူရွာဟောင်းကျေးရွာ စီမံကိန်းအထောက်အကူပြု ကျေးရွာကော်မတီဝင်များ စာရင်း | ၂၁ | ၂၁ |
| ၉။ | ကျေးရွာအချက်အလက် (ပုံစံ-၁) | ၂၂ | ၂၄ |
| ၁၀။ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၂၅ | ၂၆ |
| ၁၁။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၇ | ၂၈ |
| ၁၂။ | ကျေးရွာအစည်းအဝေးမှတ်တမ်းများ | ၂၉ | ၃၀ |
| ၁၃။ | ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၁ | ၃၂ |

## ၁။ ဖရူဆိုမြို့နယ်အခြေပြမြေပုံစာရင်း



## ၂။ တော်ရူကျေးရွာအုပ်စု အခြေပြမြေပုံ



**၃။ တော်ခူအုပ်စုတွင် ပါဝင်သောကျေးရွာများစာရင်း**

(၁) တော်ခူရွာသစ်
(၂) ကလော်ဒူ
(၃) ကလိလျား
(၄) ကရော့
(၅) တော်ခူရွာဟောင်း
(၆) ပလဲ့လယ်
(၇) နန်းခွီးခို
(၈) ပလိုဒေးခို
(၉) ပရယ်စော်ခူ
(၁၀) သော်ခူ
(၁၁) ခေါပရာ

**၄။ ကျေးရွာအခြေခံအချက်အလက်များ**

တော်ခူရွာသစ်ကျေးရွာသည် တော်ခူအုပ်စုတွင်ပါဝင်သော ကျေးရွာတစ်ရွာဖြစ်သည်။ ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းလုပ်ငန်း ဖြစ်ပြီး မျိုးရိုးစဉ်ဆက်ယခုတိုင်အောင် လုပ်ကိုင်ကြပါသည်။ ကလိလျားကျေးရွာတွင် အဓိက အားဖြင့် ကော်ယော်(မိုနူ)လူမျိုးနှင့် ပရဲ့လူမျိုး အများဆုံးနေထိုင်ကြပြီး အခြားသောလူမျိုးများလည်း စုပေါင်းနေထိုင်ကြပါသည်။ ကိုးကွယ်ယုံကြည်သော ဘာသာမှာလည်း ကွဲပြားမှုရှိကြပါသည်။ အဓိကအားဖြင့် နှစ်ခြင်းအသင်းတော်များနှင့် သတ္တမနေ့အသင်းတော်များရှိပြီး အခြားသော ဘာသာကိုးကွယ်သူများလည်းရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ ရွာတွင်းတွင် မြေသားလမ်းဖြစ်သည့်အပြင် ကျောက်များထူထပ်စွာ ထိုးထွက်နေ/ပြန့်ကျဲနေသောကြောင့် သွားလာရခက်ခဲမှုရှိပါသည်။ ပညာရေးအနေဖြင့် ရွာတွင်းတွင် အစိုးရမူလတန်းကျောင်းရှိပါသည်။ ထို့အပြင် တော်ခူရွာသစ်ကျေးရွာသည် တော်ခူအုပ်စုတွင် အိမ်ခြေအများဆုံးနှင့် လူမျိုးရော အများဆုံး တည်ရှိသောကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျန်းမာရေးအခြေအနေမှာ ရွာတွင်းတွင် ကျန်းမာရေးဆေးပေးခန်း၊ အရံသားဖွားဆရာမများရှိပြီး အစိုးရကျန်းမာရေးအပြင် အခြားသော ကျန်းမာရေးအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အသုံးပြုခဲ့သော PRA tools များ |
|---|---|
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ |
| ၂ | ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက် (Wealth Ranking) |
| ၃ | အရင်းအမြစ် ထိန်းချုပ်မှုပြဇယား |
| ၄ | ရာသီခွင်ပြ ပြက္ခဒိန် (Sensonal Clender) |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



**ရည်ရွယ်ချက်။** ။တော်ခူရွာသစ်ကျေးရွာ၏ လူမှုရေးပြမြေပုံ သုံးသပ်ရခြင်း၏ရည်ရွယ်ချက်မှာ ကျေးရွာ၏ တည်နေရာအနေအထားနှင့် ဘာသာရေးကိုးကွယ်မှုပုံစံ၊ အသက်မွေးဝမ်းကျောင်းနှင့် အခြေခံအဆောက်အအုံများ၊ လမ်းပမ်းဆက်သွယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးအခြေအနေနှင့် ရေရရှိမှု စသည့်အခြေနေများကို သိရှိစေရန်ဖြစ်ပါသည်။

တော်ခူရွာသစ်ကျေးရွာသည် တော်ခူအုပ်စုတွင်းမှကျေးရွာတစ်ရွာဖြစ်ပြီး ဖရူဆိုမြို့၏ တောင်ဘက်တွင်တည်ရှိသည်။ တော်ခူရွာသစ်ကျေးရွာသည် ဘောလခဲမြို့နယ်၊ နန်းဖဲကျေးရွာနှင့်ထိစပ်လျက်ရှိနေပါသည်။ တော်ခူရွာသစ်ကျေးရွာတွင် လူဦးရေ စုစုပေါင်း(၇၄၀)ဦး ရှိပြီး၊ ကျား(၃၅၅)ဦး၊ မ(၃၈၅)ဦး နေထိုင်ကြပါသည်။ ရွာသူရွာသားများသည် ကော်ယော်(မိုနူနှင့် မနော) လူမျိုး များ၊ ပရဲလူမျိုးများနှင့် အခြားလူမျိုးစုများ နေထိုင်ကြပြီး ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပါသည်။

ကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းများနှင့်ကျောက်ကြမ်းလမ်းများ ဖြစ်ကြသည်။ တခြားရွာများနှင့်ဆက်စပ်သော ရွာချင်းဆက်လမ်းများသည် မော်တော်ဆိုင်ကယ်လမ်းနှင့် ကားလမ်းမကြီးများဖြစ်သည်။ နွေရာသီနှင့် ဆောင်းရာသီတွင် ဆိုင်ကယ်ဖြစ်သွားလာနိုင်သော်လည်း မိုးရာသီတွင်မိုးရွာသွန်းမှုများ ပါကခြေလျင် အသုံး ပြုရပါသည်။ တော်ခူရွာသစ်ကျေးရွာတွင် မူလတန်းကျောင်း (၁)ကျောင်း၊ ဘုရားကျောင်း(၃) ကျောင်း၊ မူကြိုကျောင်း(၁)ကျောင်း၊ စပါးဘဏ်၊ အုတ်ရေကန်(၃)ကန်နှင့် ရွာလမ်းများ၊ တောင်ယာ များ၊ သင်းချိုင်း စသည်တို့ တည်ရှိပါသည်။ ထို့အပြင် ကွန်ကရစ်လမ်း၊ ကျန်းမာရေးဌာန၊ စာသင်ကျောင်း၊ ကွန်ကရစ်တံတား၊ သစ်သားတံတားနှင့် စမ်းချောင်းတို့ရှိပါသည်။

တော်ခူရွာသစ်ကျေးရွာ၏ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ခြင်းဖြင့် ကျေးရွာ၏တည်နေရာအနေအထားအရ မြေပြင်မညီညာခြင်း၊ သဲကျောက်တောင်ပေါ်တွင် ရွာတည်နေရခြင်းတို့ကြောင့် မိုးရာသီတွင် ရွာတွင်းလမ်းသွားလာရေးခက်ခဲနေပါသည်။ လူမျိုးကွဲများစွာ စုစည်းထားသော ကျေးရွာဖြစ်၍အယူအဆမတူညီမှုများ၊ ဘာသာကွဲပြားခြင်းများကြောင့် စည်းလုံးမှုအားနည်းနေပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်ကြိုးပမ်းမှုများတွင် အခက်အခဲနှင့်ကြုံတွေ့နေရပါသည်။


တော်ခူရွာသစ်အနေဖြင့် အဓိကအခြေခံဝန်ဆောင်မှုများမှာ ရွာတွင်းလမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ နွေရာသီတွင်ရေမလုံလောက်ခြင်း၊ အစည်းအဝေး ပြုလုပ်ရာနေရာမရှိခြင်း၊ ရေစုကန်မလုံလောက်ခြင်းနှင့် မိသားစုစားဝတ်နေရေး အခက်အခဲများရင်ဆိုင်နေရသော ကျေးရွာတစ်ရွာဖြစ်ကြောင်း လေ့လာသုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ

ကူးရယ်

လူထုစည်းရုံးရေးမှူး

# ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း




**ရည်ရွယ်ချက်။** တော်ခူရွာသစ်ကျေးရွာ၏ ဥစ္စာခနေကြွယ်ဝမှုအဆင့် သတ်မှတ်ရခြင်း၏ရည်ရွယ်ချက်မှာ ကျေးရွာတွင်ရှိသော ထိခိုက်လွယ်သောအုပ်စုများ၊ ပြေလည်သောအုပ်စုများ၏ အခြေအနေများ သိရှိစေရန်၊ ထိခိုက်လွယ်အုပ်စုများ ဤသို့ဖြစ်ရခြင်းအကြောင်းရင်းများကို သိရှိစေရန်နှင့် စီမံကိန်းတွင် ပူးပေါင်းပါဝင်မှု အားကောင်းလာစေရန် ရည်ရွယ်ပါသည်။

တော်ခူရွာသစ်ကျေးရွာဥစ္စာခနေအဆင့် သတ်မှတ်ရာတွင် ချမ်းသာသောအုပ်စု၊ ပြေ လည်သောအုပ်စုနှင့် မပြေလည်သောအုပ်စု ဟူ၍အုပ်စု(၃)စု ခွဲခြားထားပါသည်။ ချမ်းသာသောအုပ်စု၏ သွင်ပြင် လက္ခဏာများမှာ တိုက်အိမ်၊ ပျဉ်ထောင်အိမ်၊ ကား၊ ဆိုင်ကယ်၊ ကျွဲ၊ နွား တို့ပိုင်ဆိုင်သောသူများဖြစ်ကြပြီး အိမ်မွေး တိရိစ္ဆာန်များဖြစ်သည့် ကြက်၊ ဝက်များပိုင်ဆိုင်ကြပါသည်။ ထိုချမ်းသာသော အုပ်စုတွင်အိမ်ထောင်စု(၂၀)စု ရှိပါသည်။ ပြေလည်သောအုပ်စု၏ သွင်ပြင်လက္ခဏာ များမှာ ပျဉ်ထောင်အိမ်၊ ဝါးထရံအိမ်၊ ထော်လဂျီ၊ ဆိုင်ကယ်၊ ကျွဲ၊ နွား တို့ပိုင်ဆိုင်သော သူများ ဖြစ်ကြပြီး ထိုပြေလည်သော အိမ်ထောင်စု(၄၀)စု ရှိပါသည်။ မပြေလည်သောသူများ၏ သွင်ပြင် လက္ခဏာများမှာ ပျဉ်ထောင်အိမ်၊ ဝါးထရံအိမ်၊ တောင်ယာ စသည်တို့ပိုင်ဆိုင်သောသူများဖြစ်ကြပြီး စုစုပေါင်း အိမ်ထောင်စု (၇၃)စု ရှိပါသည်။

တော်ခူရွာသစ်ကျေးရွာ၏ ဥစ္စာခနေကြွယ်ဝမှုသုံးသပ်ခြင်းဖြင့် နွမ်းပါးသော အုပ်စုများအဓိကမပြေလည်ရသော အကြောင်းအရင်းများမှာ တောင်ယာလုပ်ငန်း မဖြစ်ထွန်းခြင်း၊ မြေဆီလွှာမကောင်း၍သီးနှံအထွက်နည်းခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်း၊ ဝင်ငွေရအလုပ် အကိုင်မရှိခြင်း၊ သီးနှံများစိုက်ပျိုးရန် နေရာမလုံလောက်ခြင်းတို့ကြောင့်ဖြစ်ပါသည်။ ထို့အပြင် စိုက်ပျိုးရေး နည်းပညာ မတိုးတက်ခြင်း၊ ဖွံ့ဖြိုးရေးအသိပညာနည်းပါးခြင်း၊ အရင်းအနှီးမရှိ၍ ကိုယ်ပိုင်လုပ်ငန်း မရှိ ခြင်းတို့ကြောင့်လည်းဖြစ်ပါသည်။ ထို့ကြောင့် နွမ်းပါးသောအုပ်စုများ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်း လုပ်ငန်းများ အစီအစဉ်ရေးဆွဲရာ၌ အဓိက ထည့် သွင်းစဉ်းစားရာတွင် လူမျိုးစုအားလုံးတန်းတူ ပါဝင်ခွင့်ပေးရေးကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်သည်။ သို့ဖြစ်ပါ၍ မပြေလည်သောအုပ်စုများ၊ ထိခိုက်လွယ်သော အုပ်စုများ အားလပ်သောအချိန်တွင် စီမံကိန်းလုပ်ငန်းများ စီစဉ်ရေးဆွဲခြင်း၊ လူထုလုပ်အားဖြင့်ဆောင်ရွက် နိုင်သော စီမံကိန်းလုပ်ငန်းများ အကောင်ထည် ဖော်ပေးခြင်းဖြင့် နွမ်းပါးသော အုပ်စုများ တနည်းတလမ်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

## အရင်းအမြစ်များထိန်းချုပ်မှုပြဇယား




**ရည်ရွယ်ချက်။** တော်ခူရွာသစ်ကျေးရွာ၏ အရင်းအမြစ်များထိန်းချုပ်မှုပြမြေပုံကို ရေးဆွဲရခြင်းသည် ထိုအရင်းအမြစ်များကို မည်သူက အသုံးပြုပြီး၊ မည်သူကဆုံးဖြတ်ချက်ချသည်ကိုသိရှိရန် ရည်ရွယ် ခြင်းဖြစ်ပါသည်။

တော်ခူရွာသစ်ကျေးရွာတွင် တည်ရှိနေသော အရင်းအမြစ်များမှာ တောင်ယာများ၊ ရေ၊ မြေ၊ သဲတောင်၊ ကျောက်တောင်များ၊ သစ်တောထွက်ပစ္စည်းများ ဖြစ်ကြသည်။ ထိုအရင်းအမြစ်များကို အမျိုးသား၊ အမျိုးသမီးများ တန်းတူညီစွာ အသုံးပြုကြပါသည်။ အရင်းအမြစ်များကို ထိန်းချုပ်ရာတွင် အမျိုးသားများက ပို၍ထိန်းချုပ်ကြပြီး ဆုံးဖြတ်ချက်ချရာတွင်လည်း အမျိုးသားများကအားသာနေကြပါ သည်။ ထိုသို့ဖြစ်ရခြင်း အကြောင်းရင်းမှာ အမျိုသမီးများသည် အိမ်တွင်းမှုများနှင့်သာအချိန်ကုန်နေရခြင်း၊ အစည်းအဝေးဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့်မရခြင်း၊ သားသမီးရေးရာကိစ္စများတာဝန်ယူဆောင်ရွက်မှု များနေခြင်းကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်အမျိုးသမီးများအား ရပ်ရေးရွာရေးကိစ္စရပ်များတွင်ပါဝင်ဆွေး နွေးစေခြင်း၊ ဆုံးဖြတ်ချက်ချစေခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် အမျိုးသားများနှင့် တန်း တူအခွင့်အရေးပေးခြင်းဖြင့် အရင်းအမြစ်များတန်းတူညီစွာအသုံးပြုပြီး ဆုံးဖြတ်ချက်ချမှတ်နိုင်ကြောင်း လေ့လာ သုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

# ရာသီခွင်ပြ ပြက္ခဒိန်



**ရည်ရွယ်ချက်**။ ။ တော်ခူရွာသစ်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ ကျေးရွာ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိမှုအခြေ အနေများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ လအလိုက်ဝင်ငွေ/ထွက်ငွေများအပြင် ရိုးရာပွဲတော်များ လစဉ်တည်ရှိ ပုံကိုသိရှိစေရန် ရည်ရွယ်ရေးဆွဲခြင်းဖြစ်ပါသည်။

**ရာသီဥတု**။ ။ တော်ခူရွာသစ်ကျေးရွာတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ရာသီဥတု(၃)မျိုးရှိသည်။ ဖေဖော်ဝါရီလမှ ဧပြီလ အထိသည် နွေရာသီဖြစ်ပြီး၊ မေလမှ စက်တင်ဘာလအထိ မိုးရာသီနှင့် အောက်တိုဘာလမှ ဇန်နဝါရီလအထိ သည် ဆောင်းရာသီ ကာလများဖြစ်ကြသည်။

**စိုက်ပျိုးရေး**။ ။တော်ခူရွာသစ်ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ တောင်ယာစိုက်ပျိုးခြင်းဖြစ်ပြီး အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ နှမ်းနှင့် ပဲပုပ်တို့ဖြစ်ကြပါသည်။ ဇန်နဝါရီလမှ ဧပြီလအထိသည် တောင်ယာခုတ်ခြင်း၊ တောင်ယာမီးရှို့ခြင်းနှင့် တောင်ယာကျုံးခြင်းတို့ ပြုလုပ်ကြပါသည်။ မေလတွင် (ဆူးထိုး) စပါးစတင်စိုက်ပျိုးပြီး ဇွန်လမှ စက်တင်ဘာလအထိသည် ပေါင်းနှုတ်ခြင်း၊ မြက်ပေါက်ခြင်း တို့ပြုလုပ်ကြပါသည်။ အောက်တိုဘာလမှ နိုဝင်ဘာလအထိ စပါးရိတ်သိမ်းခြင်း၊ သီးနှံ သိုလှောင်ခြင်းတို့ ပြုလုပ်ကြပါသည်။

**ဝင်ငွေရရှိမှု**။ ။ တော်ခူရွာသစ်ကျေးရွာ၏ အဓိကစီးပွားရေးမှာ တောင်ယာစိုက်ပျိုးခြင်းဖြစ်သော်လည်း ကျေးရွာသူ၊ ကျေးရွာသားများသည် တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေရခြင်းမျိုး ရှိမနေဘဲ ဇန်နဝါရီလ မှ မေလအထိသည် ဝင်ငွေအနည်းငယ်ရရှိသောလများဖြစ်ပါသည်။

**ရေရရှိမှု**။ ။ တော်ခူရွာသစ်ကျေးရွာအနေဖြင့် ဇန်နဝါရီလမှ မေလအထိသည် ရေရရှိမှုအနည်းဆုံးလများဖြစ်ပြီး ကျန်သောလများတွင် ရေလုံလောက်စွာရရှိပါသည်။ အထူးသဖြင့် မိုးရာသီဖြစ်သည့် ဇွန်လမှ စက်တင်ဘာလသည် ရေရရှိမှုအများဆုံးသော လများဖြစ်ပါသည်။

**လမ်းပန်းဆက်သွယ်ရေး**။ ။တော်ခူရွာသစ်ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင်ဇန်နဝါရီလမှ ဧပြီလအထိသည် မိုးရွာသွန်းမှုပေါ် မူတည်ပြီး သွားလာရပါသည်။ မိုးအရမ်းများပါက သွားလာ၍အဆင်မပြေပါ။ ကျန်သောလများတွင် အလွယ်တကူ သွားလာနိုင်ပါသည်။


**ကျန်းမာရေး**။ ။ ကျန်းမာရေးကဏ္ဍအနေဖြင့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် နှာစေးချောင်းဆိုးခြင်း၊ မေလတွင် ဝမ်းပျက်၊ ဝမ်းလျှောခြင်းအဖြစ်များပြီး နိုဝင်ဘာနှင့် ဒီဇင်ဘာလ တို့တွင် နှာစေး၊ ချောင်းဆိုးခြင်းအပြင် ငှက်ဖျားရောဂါများအဖြစ်များဆုံးသောလဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ပွဲတော်**။ ။ ပွဲတော်များအနေဖြင့် ဇန်နဝါရီလတွင် ကော်ယော်(မိုနူ/မနော)အမျိုးသားနေ့ပွဲ၊ ဧပြီလတွင် အုပ်စုဝတ်ပြုပွဲ၊ ဒီဇင်ဘာလတွင် ခရစ္စမတ်ပွဲတော်များ ကျင်းပလေ့ရှိကြပါသည်။

တော်ခူရွာသစ်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ခြင်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ရေရရှိရေးအပိုင်းတွင် တစ်နှစ်ပတ်လုံးရေလုံလောက်မှုရှိသော်လည်း ထိန်းသိမ်းမှုအားနည်းခြင်း၊ ရွာတွင် ရေစုကန် မလုံလောက်ခြင်း၊ ရေပိုက်လိုင်းများ ပြတ်တောက်ခြင်းကြောင့် နွေရာသီတွင် ရေရှားပါးခြင်းနှင့် ကြုံတွေ့နေရပါ သည်။ ဝင်ငွေမရှိသူများ၊ မပြေ လည်သောအုပ်စုများ စားဝတ်နေရေးဖူလုံစေရန် ရပ်ဝေးနယ်ခြားတွင်သွားရောက် အလုပ်လုပ် ကိုင်နေရခြင်း၊ သစ်တောထွက်ပစ္စည်းများ ရှာဖွေရောင်းချခြင်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းနေကြ ရပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်သော သင်တန်းများ၊ အမျိုးသမီးများ အတွက် အိမ်တွင်းမှုအတတ်ပညာသင်တန်းများ ပံ့ပိုးပေးခြင်းဖြင့် ဝင် ငွေရသောလုပ်ငန်းများ ရှာဖွေသိရှိလာမည်ဖြစ်ကြောင်း လေ့လာသုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

## ပင့်ကူအိမ်သုံးသပ်ခြင်း



**ရည်ရွယ်ချက်။** ။ တော်ခူရွာသစ်ကျေးရွာ၏ ကျား၊ မဆိုင်ရာ ပင့်ကူအိမ်သုံးသပ်ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ အမျိုးသားနှင့် အမျိုးသမီးများ၏ မတူညီသောဦးစားပေးအကြောင်း၊ အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍများ၊ ပါဝင်မှုအနေအထားကွာဟမှုရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိမြင် စေရန်နှင့် စွမ်းဆောင်မှုအား သိရှိမြင်သာလာစေရန် ရည်ရွယ်ပါသည်။

**ကျန်းမာရေး။** ။ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်ခွင့်ရသည့် အခြေအနေတွင် အမျိုးသားများနှင့် အမျိုးသမီးများသည်(၈၀%)တန်းတူပင်ဖြစ်ပါသည်။

**အိမ်တွင်းမှု။** ။ အိမ်တွင်းမှုများနှင့်ပတ်သက်သည့် လုပ်ငန်းများဖြစ်သော ထမင်းဟင်းချက်ခြင်း၊ အဝတ်လျှော်ခြင်း၊ ရေခပ်ခြင်း၊ ကလေးထိန်းခြင်းအစရှိသည့် လုပ်ငန်းများတွင် အမျိုးသမီးများသည် (၉၀%)ဖြစ်ပြီး၊ အမျိုးသားများသည်(၈၀%)ဖြစ်ကြသည်။

**ပညာရေး။** ။ ပညာရေးဟူပြီး သုံးသပ်ရာတွင် ကျေးရွာတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ စာတတ်မြောက်မှုအခြေအနေနှင့် ကျောင်းတက်မှုအခြေအနေပေါ်ကြည့်၍ သုံးသပ်မှုပြုလုပ်ခြင်းဖြစ်ရာ အမျိုးသားနှင့် အမျိုးသမီးများသည် (၅၀%)အတူတူပင်ဖြစ်သည်။

**စီးပွားရေး။** ။ တော်ခူရွာသစ်ကျေးရွာ၏ စီပွားရေးလုပ်ကိုင်မှုအခြေအနေတွင် အမျိုးသမီးများမှ ဦးစီးလုပ်ကိုင်သည့်အရေအတွက်နှင့် အမျိုးသားများဦးစီးလုပ်ကိုင်သည့် အရေအတွက်မှာ (၁၀၀%) အတူ တူပင်ဖြစ်သည်။

**ဘာသာရေး။** ။ ဘာသာရေးဆောင်ရွက်မှုများတွင် အမျိုးသမီးများနှင့် အမျိုးသားများ သည် (၉၀%) တန်းတူအနေအထားတွင်ရှိပါသည်။ ထိုသို့တန်းတူအနေအထားတွင် တည်ရှိနေရခြင်းမှာ အမျိုးသမီးများနှင့် အမျိုးသားများသည် ဘာသာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အတူတူပူးပေါင်းဆောင်ရွက်မှုရှိပြီး မိမိတို့ တာဝန်ယူနိုင်သည့် အပိုင်းမှပါဝင်ဆောင်ရွက်ကြပါသည်။

**လူမှုရေး။** ။ ရွာ၏လူမှုရေးလုပ်ငန်းများဖြစ်သော သာရေး၊ နာရေးကဏ္ဍများနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများသည်(၅၅%)ရှိပြီး အမျိုးသားများသည်(၇၀%) အနေအထားတွင်ရှိပါသည်။

**အုပ်ချုပ်ရေး။** ။ အုပ်ချုပ်ရေးပိုင်းများဖြစ်သည့် ကျေးရွာခေါင်းဆောင်မှုပိုင်းနှင့် ဆုံးဖြတ်ချက်ချမှု အပိုင်းတွင် အမျိုးသမီးများသည် (၇၀%)ပါဝင်ကြပြီး၊ အမျိုးသားများက (၉၀%)ပါဝင်ကြပါသည်။

**စိုက်ပျိုးရေး။** ။ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများ(၈၀%)နှင့် အမျိုးသားများ(၈၀%)ဖြစ်ပါသည်။ စိုက်ပျိုးခြင်းလုပ်ငန်းဟုဆိုရာတွင် တောင်ယာစိုက်ပျိုးခြင်းအပေါ်အခြေ ခံဆွေးနွေးကြခြင်းဖြစ်ပါသည်။


**မွေးမြူရေး။** ။ တော်ခူရွာသစ်ကျေးရွာ၏ မွေးမြူရေးလုပ်ငန်း(တပိုင်တနိုင် ကြက်/ဝက်)လုပ်ငန်းများ ဆောင်ရွက်မှုတွင် အမျိုးသမီးများနှင့် အမျိုးသားများသည် (၇၀%) ခန့်အတူတူပင်ဖြစ်ပါသည်။

**လမ်းပန်းဆက်သွယ်ရေး။** ။ တော်ခူရွာသစ်ကျေးရွာ၏ ရွာတွင်းလမ်းများအားလုံးသည် မြေသားလမ်း နှင့်ကျောက်ကြမ်းလမ်းများဖြစ်သည်။ မိုးရာသီမှလွဲ၍ ကျန်ရာသီများတွင် ဆိုင်ကယ်၊ ကားများဖြင့်သွားလာ နိုင်ပါသည်။

တော်ခူရွာသစ်ကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးပင့်ကူအိမ်သုံးသပ်ခြင်းဖြင့် အမျိုး သားများ၏ စွမ်းဆောင်ရည်သည် အမျိုးသမီးများနှင့် အမှတ်ကွာခြားရသော အကြောင်းအရင်းများမှာ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများနှင့်အချိန်ကုန်ရခြင်း၊ ကလေးများပြုစုပျိုးထောင်ရေးကိစ္စရပ်များ တွင် ပို၍အချိန်ပေးနေရခြင်းကြောင့်ဖြစ်ပါသည်။ ထို့အပြင်အမျိုးသမီးများ အဓိကရင်ဆိုင်နေရသော အခက်အခဲမှာ အမျိုးသားများနှင့်ရင်ဘောင်မတန်းနိုင်ခြင်း၊ ရှေးရိုးဓလေ့အရ အမျိုးသမီးများသည် အခွင့် အရေး ပေးခံရမှုနည်းခြင်း၊ စိတ်အားငယ်၍ မပြောမဆိုရဲခြင်း၊ သွားရေးလာရေးတွင်လည်း လုံခြုံမှုမရှိခြင်း၊ ခွန်အားမမျှ ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပညာရေးပိုင်းတွင်ဦးစားပေးခံရမှုနည်းခြင်းနှင့် ဆွေးနွေးမှုများတွင် ပါဝင်ဆွေးနွေးခွင့် မရှိခြင်း တို့ဖြစ်ပါသည်။ ထို့ကြောင့်ကျေးရွာတွင် အမျိုးသမီးများအား သီးသန့်အသိပညာပေးခြင်း၊ ဆွေးနွေးပွဲများတွင်ပါဝင်ဆုံးဖြတ်စေခြင်း၊ လုပ်အားခနှင့် အလုပ်အကိုင် အခွင့်အရေးတန်းတူပေးခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်း၊ အမျိုးသမီးရေးရာနှင့်ဆိုင်သော သင်တန်းများပေးခြင်းနှင့် အိမ်တွင်းမှုသင်တန်းများတက်ရောက်နိုင်ရန် ကူညီထောက်ပံ့ပေးခြင်းများဖြင့် အမျိုးသမီးများ၏ ဘဝကိုမြင့်တင်နိုင်မည်ဖြစ်ကြောင်းသုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

# အဖွဲ့အစည်းများချိတ်ဆက်မှုပြမြေပုံ



**ရည်ရွယ်ချက်။** ။ တော်ခူရွာသစ်ကျေးရွာ၏ အဖွဲ့အစည်းများချိတ်ဆက်မှုဇယားရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ ကျေးရွာအတွင်းရှိ သြဇာလွှမ်းမိုးမှုရှိသောသူများ၊ ကျေးရွာလူထုအတွင်းကွဲပြားခြား နားနေသောအုပ်စုများနှင့် အဖွဲ့အစည်းများ၊ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသား/အမျိုးသမီး ပါဝင်မှု အခြေအနေ၊ ကျေးရွာအတွင်းရှိ အရင်းအမြစ်အသုံးချမှုအခြေအနေနှင့် ထိန်းချုပ်မှုအခြေအနေ၊ ကျေးရွာ ပြင်ပအဖွဲ့အစည်းများနှင့် ရွာလူထုအပြန်အလှန်ဆက်စပ်နေမှု အခြေအနေကို သိရှိစေရန်ရည်ရွယ် ပါ သည်။

တော်ခူရွာသစ်ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံကို သုံးသပ်ရာတွင် ကျေးရွာပေါ်တွင် အကျိုးပြုမှုကိုမူတည်ပြီး စက်ဝိုင်းအနီးအဝေးဖြင့် သုံးသပ်မှုများပြုလုပ်ခဲ့ပါသည်။ ကျေးရွာအတွင်းရှိနေသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာလုံခြုံရေးအတွက် အ ချင်းချင်းချိတ်ဆက်ဆောင်ရွက်ကြပါသည်။ ကျန်သောအဖွဲ့အစည်းများမှာ ကျောင်းကော်မတီ၊ မူကြို ကော်မတီနှင့် ဘာသာရေးအဖွဲ့တို့ဖြစ်ကြပါသည်။ ပြင်ပရှိ အဖွဲ့အစည်းများမှာ KMPP ကျန်းမာရေး အဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့များဖြစ်ကြပြီး ကျန်အဖွဲ့အစည်းများသည် ချိတ်ဆက်မှုအားနည်းနေ သေးကြောင်း သုံးသပ်တွေ့ရှိ ရပါသည်။

တော်ခူရွာသစ်ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုဇယားသုံးသပ်ရာတွင် ကျေး ရွာတွင်းလုပ်ပိုင်ခွင့်ရှိသောအဖွဲ့မှာ အုပ်ချုပ်ရေးအဖွဲ့နှင့် ဘာသာရေးအဖွဲ့အစည်းများပင်ဖြစ်ပါသည်။ ထို အဖွဲ့အစည်းများသည် ရပ်ရေးရွာရေးကိစ္စများတွင် အဓိကဦးဆောင်သည်။ ထို့အပြင် လူမှုရေး၊ ဘာသာ ရေးနှင့် နိုင်ငံရေးကိစ္စရပ်များတွင်လည်း အုပ်ချုပ်ရေးမှဦးဆောင်ပြီးကျေးရွာရှိ အဖွဲ့အစည်းများအား သက်ဆိုင်ရာ ကဏ္ဍအလိုက်စီမံခန့်ခွဲပေးသည်။ ထို့အပြင်ပြင်ပဌာနဆိုင်ရာအဖွဲ့များ၊ မြို့နယ်ပညာရေး မှူးရုံးတို့ကို အုပ်ချုပ်ရေးမှ အဓိကချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ပြင်ပအဖွဲ့အစည်းချိတ်ဆက် မှုများ ရှိနေသော် လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ရေရရှိရေး စီမံကိန်းဆောင် ရွက်ခြင်း၊ ရွာတွင်းလမ်း သွားလာရေး အဆင်ပြေစေရန် လမ်းစီမံကိန်းများပံ့ပိုးကူညီပေးနိုင်သော အဖွဲ့ အစည်းများချိတ်ဆက်ရန်လို အပ်လျက်ရှိကြောင်းသုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်း ဓာတ်ပုံများ









## ၈။ တော်ခူရွာသစ်ကျေးရွာ၏ စီမံကိန်းအထောက်အကူပြု ကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား/မ | | ရာထူး/တာဝန် |
|---|---|---|---|---|
| ၁ | ဦးအားကူး | ကျား | - | ကျေးရွာ စီ/ထောက် ဥက္ကဌ |
| ၂ | ဒေါ်ဖောဒေညား | - | မ | ကျေးရွာ စီ/ထောက် ဥက္ကဌ |
| ၃ | ဦးသက်ဖော်ထွေး | ကျား | - | ဝယ်ယူရေးဆပ်ကော်မတီ |
| ၄ | ဒေါ်ဝီးဒီဖော | - | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၅ | ဦးစောပလယ်ထူး | ကျား | - | စောင့်ကြည့်၊ ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၆ | ဦးဒီးဒီ | ကျား | - | စောင့်ကြည့်၊ ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၇ | ဒေါ်အယ်ရီလာ | - | မ | စောင့်ကြည့်၊ ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၈ | ဦးစောမော်ရှေး | ကျား | - | လည်ပတ်၊ ပြင်ဆင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၉ | ဦးစောပလဲစေး | ကျား | - | လည်ပတ်၊ ပြင်ဆင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၀ | ဒေါ်စပီးရာ | - | မ | လည်ပတ်၊ ပြင်ဆင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | ဒေါ်ဖောလာထူး | - | မ | ကျေးရွာစာရင်းကိုင် |
| ၁၂ | ဦးစောဒေးမော် | ကျား | - | ဝေဖန်အကြံပြုတိုင်ကြားရေးဆပ်ကော်မတီ |
| ၁၃ | ဒေါ်ခရစ်ဖော | - | မ | ဝေဖန်အကြံပြုတိုင်ကြားရေးဆပ်ကော်မတီ |
| ၁၄ | မောင်ယုနိုင် | ကျား | - | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်အယ်ဖော | - | မ | ကျေးရွာစေတနာ့ဝန်ထမ်း |
| **ကော်မတီဝင် စုစုပေါင်း** | | ၈ | ၇ | ၁၅ ယောက် |

## ၉။ ကျေးရွာအချက်အလက် ( ပုံစံ - ၁ )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် - ဦးနေဇော်ထွန်း | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် ဦးကျော်ရယ် |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု တော်သူ | ကျေးရွာ တော်သူ ဘစ် |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) -- [illegible] | ၃၃ | ဘာသာ (၁) -- ခရစ်ယာန် | |
| လူမျိုးစု (၂) -- [illegible] | ၄၃ | ဘာသာ (၂) -- ခရစ်ယာန် | |
| လူမျိုးစု (၃) [illegible] | ၅၇ | ဘာသာ (၃) ခရစ်ယာန် | |
| လူမျိုးစု (၄) ------- | | | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | - | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---[illegible]--- | 111 | 110 |
| လူမျိုးစု (၂) ---[illegible]--- | 157 | 173 |
| လူမျိုးစု (၃) ---[illegible]--- | 84 | 100 |
| လူမျိုးစု (၄) ---[illegible]--- | 3 | 2 |
| လူမျိုးစု (၅) ---------------- | | |
| အိမ်ထောင်ဦးစီး | 102 | 31 |

လူထုစပေါ်ပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☑ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် [illegible] KG | | မှတ်ချက် | | မှတ်ချက် [illegible] | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမားရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

[illegible]

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ____________

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** ပိုင်းပါ K.G

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၇ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁၄ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁ နာရီ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ ၆ နာရီ

အခြား ------------------

မိုးရာသီတွင်ကြာချိန် ၃ နာရီ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------

(၂) --------------------------------

ကျေးရွာခေါင်းဆောင် အမည် -

လက်မှတ် နေ့စွဲ ၂၇.၁၁.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် -

လက်မှတ် နေ့စွဲ ၂၇.၁၁.၂၀၁၇

## ၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား ( ပုံစံ - ၂ )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

*ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)*

| | | | | | | | |
|---|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်၊ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်၊* | | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးကျော်ကွယ် | | | | | | | |
| နေ့စွဲ - ၃၀.၁၂.၂၀၁၇ | | | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း | ကယား | မြို့နယ် | ဖရူဆို | ကျေးရွာအုပ်စု | တော်ရွ | ကျေးရွာ | တော်ရွရွာသစ် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 26.11.2017 | 26.11.2017 | ၃၈ | ၅၁ | ၈၉ | ၈၉ \| မဖော,ပရဲ့ \| ယူမိုးပလော |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 27.11.2017 | 27.11.2017 | ၃၈ | ၅၁ | ၈၉ | " \| " |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 28.11.2017 | 28.11.2017 | ၁ | ၄ | ၅ | \| |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 12.12.2017 | 12.12.2017 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 24.12.2017 | 24.12.2017 | ၃၅ | ၃၃ | ၆၈ | " \| " |

## လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၅.၂.၂၀၁၈ | ၅.၂.၂၀၁၈ | ၅ | ၆ | ၁၁ | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 4th ၁၁.၂<br>၁၄.၂.၂၀၁၈ | ၁၄.၂.၂၀၁၈ | ၄ | ၄ | ၈ | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( ပုံစံ - ၃ )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

### ပုံစံ - ဝ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျူးဂျယ်

| | |
|---|---|
| နေ့စွဲ 27.11.17 | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☒စက်ဝန်း(၃) ☐စက်ဝန်း(၄) |

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်း ကယား | ဖရူဆို မြို့နယ် | ကျေးရွာအုပ်စု ဝေါက်ချူ | ကျေးရွာ ဝေါက်ချူ [illegible] |

**က။ အခက်အခဲအတားအဆီးများအားအဆွေးအနွေးပြုခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ရပ်ရွာလမ်း အခက်ခဲ | ၁ | ရွာတွင်းလမ်း ခက်ခဲခြင်း။ |
| ၂ | ဝန်ထမ်းအိမ်ရာမရှိ အခက်ခဲ | ၂ | ရေကန်လိုအပ်ခြင်း။ |
| ၃ | ရွာပြင်ပိုက်ရေ အခက်ခဲ | ၃ | ခန်းမဆောင် အခက်ခဲ |
| ၄ | ရပ်ရွာမူကြိုကျောင်း အခက်ခဲ | ၄ | အားကစားကွင်း အခက်ခဲ |
| ၅ | ရပ်ရွာ အားကစားကွင်း အခက်ခဲ | ၅ | ရေပိုက်လိုင်း အခက်ခဲ |

၆ ရေတွင်း လိုအပ်ခြင်း

၇ ဝန်ထမ်းအိမ်ယာ အခက်ခဲ

၈. ဓာတ်ကြိုးဝိုင်ယာ အခက်ခဲ

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကတ္တရာလမ်းဖြစ်ရမည်။ | ၁ | ကတ္တရာလမ်းဖြစ်ရမည်။ |
| ၂ | ဝန်ထမ်းအိမ်ရာတိုက်ပုံဖြစ်ရမည်။ | ၂ | လုံလောက်သောရေကန်ရှိရမည်။ |
| ၃ | ရွာလုံးကျွတ်ရေအလုံလောက်ရှိရမည်။ | ၃ | ခန်းမဆောင်ရှိရမည်။ |
| ၄ | ရပ်ရွာမူကြိုကျောင်းရှိရမည်။ | ၄ | အားကစားကွင်းရှိရမည်။ |
| ၅ | စံချိန်မီ အားကစားကွင်းရှိရမည်။ | ၅ | လုံလောက်သောရေပိုက်လိုင်းရှိရမည်။ |

၆ ရေတွင်းရှိရမည်။

၇ ဝန်ထမ်းအိမ်ယာရှိရမည်။

၈. ဓာတ်ကြိုး၊ ဝိုင်ယာ ရှိရမည်။

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းကျောက်ချောလမ်းဖောက်လုပ်ခြင်း | အမျိုးသား+အမျိုးသမီး | 600 သိန်း | 737 ဦး |
| ၂ | ဓာတ်ကြိုး၊ ဝိုင်ယာ | အမျိုးသမီး | 112 သိန်း | 737 ဦး |
| ၃ | မူကြိုကျောင်း | အမျိုးသား | 112 သိန်း | 737 ဦး |
| ၄ | ရေပိုက် ဆွဲသွယ်ခြင်း | အမျိုးသား+အမျိုးသမီး | 80 သိန်း | 737 ဦး |
| ၅ | ခန်းမဆောင် | အမျိုးသမီး | 350 သိန်း | 737 ဦး |
| ၆. | အားကစားကွင်း | အမျိုးသား+အမျိုးသမီး | 350 သိန်း | 737 ဦး |
| ၇. | ရေကန် | အမျိုးသမီး | 25 သိန်း | 737 ဦး |
| ၈. | ရေတွင်း | အမျိုးသမီး | 100 သိန်း | 737 ဦး |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆


ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျိုးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဝန်ထမ်း အိမ်ယာ | အမျိုးသား+အမျိုးသမီး | အခြေခံအဆောက်အဦး |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [illegible] နေ့စွဲ 27.11.17

## ၁၂။ ကျေးရွာအစည်းအဝေးမှတ်တမ်းများ



ကျေးရွာ - တော်ရွာသစ်

ကျေးရွာအုပ်စု - တော်ရ

အကြောင်းအရာ - ပထမအကြိမ်ကျေးရွာအစည်းအဝေး

တာဝန်ကျဝန်ထမ်းများ - ဦးကျူးရှယ် ၊ ဒေါ်ဂျေဂိုမီး၊ နန်းဝိုင်ဇင်

ရက်စွဲ - ၂၆ . ၁၁ . ၁၇

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား ၄၃၈ ၁ဦး + မ ၄၅၁ ၁ဦး = ၄ ၈၉ ၁ ဦး


ပထမအကြိမ်ကျေးရွာအစည်းအဝေးကို ကျေးရွာ၌

၄ . . ၁၇ ၁ ၌ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးကို အစည်းအဝေးအစီအစဉ်များဖတ်ကြားခြင်းအားဖြင့် အစပြုခဲ့ပါသည်။ စီမံကိန်း၏ ရည်ရွယ်ချက်၊ စပြောင်းမီ လူထုမပါဝင်မှု စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရွာလူထုများနှင့် အတူဆွေးနွေးခဲ့ပါသည်။ ထို့နောက် စီမံကိန်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ ရေပေးဝေရရှိမှုအကြောင်းနှင့် ဒုတိယနှစ်တော်ဝင်၌ ကျေးရွာအုပ်စုတွင် စီမံကိန်းရရှိသည့်ကျေးရွာများကို အစည်းအဝေးတက်ရောက်လာသူများ သိရှိအောင် ပြောကြားခဲ့ပါသည်။ ကျန်စီမံကိန်း၌ အကျုံးဝင်သည့် လုပ်ငန်းနှင့် အကျုံးမဝင်သည့် လုပ်ငန်းများကို လည်းကောင်း၊ ကျား/မ ရေးရာနှင့် ဝေဖန်အကြံပြုတိုင်ကြားခြင်း ရေးရာအကြောင်းကို ပြန်လည်ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကျေးရွာလူထုကို ပါဝင်သော လူမှုဆိုင်ရာ စိစစ်ခြင်း အစီအစဉ်ကို
အောက်ပါ အတိုင်း ပြုလုပ် ခဲ့ပါသည်။

(၁) လူမှုရေးနှင့် အရင်းအမြစ်ပြ မြေပုံ
(၂) ဥစ္စာဓန ကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း
(၃) အရင်းအမြစ် အသုံးချမှု ပြဇယား
(၄) ပင့်ကူအိမ် ဆွဲသပ်ခြင်း
(၅) ရာသီဥတု ပြက္ခဒိန်
(၆) အဖွဲ့ အစည်းချိတ်ဆက်မှုပြ မြေပုံ

ထို့နောက် ပထမအကြိမ် ကျေးရွာ အစည်းအဝေး ကို ရပ်သိမ်းခဲ့ပါသည်



ကျေးရွာ - ဘော်ဒူရွာသစ်

ကျေးရွာအုပ်စု - ဘော်ဒူ

အကြောင်းအရာ - ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး

တာဝန်ကျတိုက်ထမ်းများ - ဦးကူးရယ် ၊ဒေါ်ရွှေနှီး ၊နာရီတင်

ရက်စွဲ - 27 . 11 . 2017

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား ၄၃၀ ဦး + မ ၄၅၁ ဦး = ၈၈၁ ဦး

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို ကျေးရွာ၌ ၄ . . ၁၇ ရက်နေ့၌ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးအား ကော်မတီဝင်များ ရွေးချယ်ခြင်းအားဖြင့် အစပြုခဲ့ရာ ကော်မတီဝင်များကို ရွာလူထုများ၏ သဘောတူညီချက်အရ ဖြစ်လည်ရွေးချယ်သတ်မှတ်ခဲ့ကာ ကော်မတီဝင်များ ရွေးချယ်ခြင်းအစီအစဉ်ကို HR. 2 နှင့် COC များ၌ အချက်အလက်များ ဖြည့်စွက်စေပြီး လက်မှတ်ရေးထိုးစေခဲ့ပါသည်။ ထို့နောက် အမျိုးသားတစ်ဖွဲ့ ၊အမျိုးသမီးတစ်ဖွဲ့ ခွဲကာ ကျေးရွာ၏ အခက်အခဲများကို ဖော်ထုတ်ခဲ့ပါသည်။ ထို့နောက် မျှော်မှန်းချက်များကိုလည်း ဖော်ထုတ်ခဲ့ပြီး ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ခဲ့ကာ ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

# ၁၃။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | ဝန်ထမ်း အိမ်ယာ | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| [illegible] | ၁ | ကောက်ရုံးကွင်း | ☒ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |